စစ်ပင်ကန်ကျေးရွာ

သုံးခွမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စစ်ပင်ကန်ကျေးရွာ၊ သုံးခွမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ

## မာတိကာ


မာတိကာ ၁

စကားချီး ၅

စစ်ပင်ကန်ကျေးရွာသယံဇာတပြမြေပုံ၊ ခရမ်းမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** ၈

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ ၂၀

(၈) ဦးစားပေးစီမံချက်များနှင့်၄င်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၂
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၀

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၇၀

**ကိုးကားစာရင်း** ၇၅

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုး ပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

နိုဝင်ဘာ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
စစ်ပင်ကန်ကျေးရွာ
သုံးခွမြို့နယ်

၃

**စစ်ပင်ကန်ကျေးရွာသယံဇာတပြမြေပုံ၊ သုံးခွမြို့နယ်**



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ် ဖြစ် ကြောင်း သိရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော် တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

### (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွနိုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေ ကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွနုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း

နိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတ အရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ကျေးရွာသည်မြို့နယ်အစပ်တွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ သုံးခွမြို့ နယ်နှင့် (၄)မိုင်ခန့်ဝေးပါသည်။ ဆက်သွယ်သွားလာရေးမှာလည်း အခက်အခဲ များရှိ နေပါသည်။ ကျေးရွာသည်လည်း မြေပြန့်ဒေသဖြစ်ပြီး အဓိက အသက်မွေး ဝမ်းကျောင်း လုပ်ငန်းစုမှာ စိုက်ပျိုးရေး ဖြစ်ပြီးမိုးရာသီတွင် စပါးစိုက်ပျိုးကြပြီး ဆောင်းရာသီတွင်ပဲတီစိမ်းကို အဓိကအား ကိုး၍ စိုက်ကြပါသည်။ဒေသ၏(၁)နှစ်မိုးရေချိန်မှာ (၉၀)မှ(၁၁၀)လက်မဝန်းကျင်တွင် ရှိနေ ပြီးစိုက်ပျိုးရေးလုပ်ငန်းများတွင်လည်းအခက်ခဲများနှင့်ရင်ဆိုင်နေရပါသည်။မိုးရာသီတွင်လည်းမကြာခနရေကြီးခြင်းများဖြစ်ပေါ်နေပြီးစပါးခင်းများအပျက်အစီးများရှိပါသည်။ ကျေးရွာသည် မုတ္တပင်လယ် ကွေ့နှင့်နီးကပ်သော်လည်းအစိုးရမှတာများစီပေးထားသောကြောင့် ဆားငံရေဝင် ရောက်မှုမရှိဘဲ လယ်မြေများမှာစပါး၊ပဲတီစိမ်းစိုက်ပျိုးရာတွင်အဓိကထားရပါသည်။ အဆင် ပြေလျှက်ရှိပါသည်။ အသက်မွေးဝမ်းကြောင်းအနေနှင့်လည်းအဓိကထားရပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

ကျေးရွာ၏ စိုက်ပျိုးမြေဧကမှာ (၁၀၀၀) ဧကရှိပါသည်။ မိုးစပါးအပြည့်အဝ စိုက်ပျိုးနိုင်သော်လည်း ဆောင်းရာသီတွင် ပဲတီစိမ်းဧကမှာ (၁၀၀၀) စိုက်ပျိုးနိုင်သည်။ မြေဆီလွှာများပျက် စီးမှုများပြားနေသောကြောင့် မြေသြဇာမှာ အနိမ့်ဆုံး အဆင့်ရှိနေပြီး ကျွန်ုတို့ကျေးရွာသည် သဘာဝသယံဇာတလုံးဝမထွက်ရှိပါ။

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

အိမ်ထောင်စုပေါင်း (၁၈၃) စုရှိပြီး ကျား(၃၅၇)၊ မ(၃၅၄)ဦးဖြင့်လူဦးရေပေါင်း (၇၁၁)ဦးရှိပါသည်။ နိုင်ငံတော်ကသက်မှတ် လူဦးရေနှုန်းမှာ ပျမ်းမျှတစ်အိမ်ထောင်တွင်(၅)ဦးနှုန်းရှိသော်လည်းကျွနုပ်တို့ရွာ၏ အိမ်ထောင်စုတစ်စုလျှင် ပျမ်းမျှလူဦးရေမှာ(၄)ဦးပတ်လည်လောက်သာရှိပါသည်။ ကျေးရွာအတွင်း နေထိုင်ကြသူများမှာ ဗမာလူမျိုးများဖြစ်ကြပြီး လူဦးရေအကုန်မှာ ဗုဒ္ဓဘာသာကိုးကွယ်နေသူဖြစ်ကြပြီး အလုပ်လုပ်ဆောင်နိုင်သည့် ကျားမှာ (၂၆၁)ဦးနှင့် မ(၂၅၄)ဦး

ရှိကြပါသည်။ အလုပ်လုပ်ဆောင်နိုင်သည့် လူဦးရေနည်းပါးပြီး သက်ကြီးရွယ်အိုများနှင့်ကျောင်းနေရွယ် ကလေးသူငယ်များ၊ များစွာရှိနေပါသည်။အလုပ်လုပ်ဆောင်နိုင်သည့် ကျား/မများကွာခြားမှုအနည်းငယ်သာရှိသော်လည်းအလုပ်အကိုင်ရှားပါးလာမှုကြောင့်ကျပန်းအလုပ်လုပ်ကိုင်ရန်ရွှေ့ပြောင်းသွားလာသူများရှိပါသည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ကျေးရွာ၏အဓိကဝင်ငွေရ လုပ်ငန်းစုမှာ လယ်သမားများမှာစိုက်ပျိုးရေးဖြစ်ပြီး လယ်ယာမဲ့များမှာကျပန်း အလုပ်လုပ်ကိုင် စားသောက်နေသူများ ဖြစ်ပါသည်။ ဝင်ငွေအနေအထားမှာ လျော့နည်းနေကြပါသည်။ ဓနအဆင့်သက်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၈၀) ရာခိုင်နှုန်းရှိပြီး အလည်လတ်တန်းစားအဆင့်မှာ (၁၅)ရာခိုင်နှုန်းနှင့်(၅)ရာခိုင် နှုန်းသာအဆင်ပြေသူရှိပါသည်။ ဥစ္စာဓနအဆင့်မှာလွန်စွာကွာခြားသည်။ ကျွနုပ်တို့ကျေးရွာ၏ အိမ်ထောင်စုများသည် ဆင်းရဲဆုံးအဆင့်ရှိ အိမ်ထောင်စုများပြားစွာရှိပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်းနှင့် ကျပန်းလုပ်ငန်းများ၊ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်သူများ ရှိပါသည်။ ကျေးရွာမှဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏(၄၀)%သည်ကျပန်းအလုပ်နှင့်သူတပါးထံမှခေ ျးယူစားသုံးနေကြပါသည်။သို့သော်လည်း(၅၀)%မှာအစိုးရချေးငွေများနှင့်လည်ပတ်စားသုံးနေကြောင်းတွေ့ရသည်။ ကျန်သော(၁၀)%မှာ အဆင်ပြေကြောင်းတွေ့ရသည်။ အကြွေးတင်ရှိမှုအိမ်ထောင်စုအားလုံးမှာ ပျှမ်းမျှကျပ်(၁)သိန်းမှ(၁၀)သိန်းကျပ်ထိ ရှိကြပါသည်။ ပုံမှန်ဝင်ငွေမရှိသဖြင့်ဆင်းရဲနွမ်းပါးမှုမြင့်တက်လာသည်ကိုတွေ့ရပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင်ရွာသူ/သားအများစုမှာကျန်းမာရေးကောင်းမွန်ကြသော်လည်းအာဟာရပြည့်ဝမှုအနည်းငယ်အားနည်းနေပါသည်။ကလေးငယ်တွေမှာလည်းကျန်းမာရေးကောင်းမွန်စွာရှိကြပါသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမရှိစေရေးကြိုတင်ကာကွယ်ရေးများလည်းလုပ်ဆောင်ကြပါသည် ကျေးရွာသား.များအနေဖြင့်ကျန်းမာရေးစောင့်ရှောက်မှုမှာကျေးရွာအတွင်းမရရှိပါ။ (၆)မိုင်ခန့်ကွာဝေးနေသောကြောင့်လမ်းပန်းဆက်သွယ်ရေးခက်ခဲနေပြီး နွေရာသီတွင် ဆိုင်ကယ်ကိုအဓိကထား

အားကိုးနေရပြီး မိုးရာသီတွင် ပိုမိုခက်ခဲနေပြီး မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များနှင့်လည်း ဝေးကွာနေရပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် စာမတတ်မြောက်သူ (၂%)၊ မူလတန်းအဆင့် ပညာပြီးဆုံးသူ(၄၀)%၊ အလယ်တန်းအဆင့်ရှိသူ(၃၅)%၊ အထက်တန်းအဆင့်ရှိသူ (၂၁)%ရှိပြီး ဘွဲ့ရရှိသူ(၂)%ရှိကြောင်း သိရသဖြင့် ပညာရေးအဆင့်သည် အလယ်အလတ် ရှိကြောင်း သိရပါသည်။

**(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ**

ကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု နှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြား နယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင် သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေး အရေအတွက်နှင့်ကွာခြားမှုမရှိဘဲ ၊အလယ်တန်းနှင့်အထက်တန်းများတွင် ကျားအရေအတွက်နှင့် မအရေအတွက်မှာ ကွာခြားမှုအနည်းငယ်ရှိပြီး အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အား လျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန် လျော့နည်းလျက် ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့်ပါတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင် ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

**၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူမှုရေးအဖွဲ့(၃)ဖွဲ့သာရှိပြီး လူမှုဆိုင်ရာအဖွဲ့(၁)ဖွဲ့ရှိပြီးလူမှုရေးနှင့်အခြားသော ကိစ္စရပ်များကို အမျိုးသား/ သမီးလက်တွဲညီစွာ ဆောင်ရွက်နေကြပါသည်။(၂)ဖွဲ့မှာကျေးရွာတွင်

သတင်းသုံးနေသော ဆရာတော်ဘုရား၏ ဩဝါဒနှင့်ပရဟိတလူငယ်လေးများ၊ ရွာသူ/သားများ ဝိုင်းဝန်းကူညီပြီး နာရေးကူညီမှုအဖွဲ့(၂)ဖွဲ့ရှိပါသည်။ အဖွဲ့စည်းဆိုင်ရာသဘောတရားနှင့်စွမ်းဆောင်ရည်မြင့်သင်တန်းများရရှိပါကပိုမိုဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုများပိုမိုကောင်းမွန်လာနိုင်ပါသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်မိုးစပါးနှင့်ဆောင်းပဲသီးနှံပဲတီစိမ်းကိုအဓိကအားထားစိုက်ပျိုးကြသည်။မိုးစပါးစိုက်ဧက(၁၀၀၀)ဧကရှိပြီးဆောင်းပဲသီးနှံအဖြစ်ပဲတီစိမ်း(၁၀၀၀)ဧကစိုက်ပျိုးကြသည်။မိုးစပါးပျမ်းမျှအထွက်နှုန်းမှာ(၁)ဧကလျှင်(၃၅မှ၅၀)တင်းထွက်ရှိပြီးပဲတီးစိမ်း(၁)ဧကပျမ်းမျှ(၈မှ၁၁)တင်းသာထွက်ရှိပါသည်။စိုက်ပျိုးရေးဆိုင်ရာနည်းပညာများအားနည်းနေပြီးကုမ္ပဏီအချို့မှတောင်သူများအတွက်စိုက်ပျိုးရေးနည်းနှင့်ပိုးမွှားများနှိမ်နင်းရေးနည်းများ၊မြေဩဇာသုံးစွဲမှုနည်းပညာများသာပို့ချမှုရှိပါသည်။ တောင်သူများမှာစိုက်ပျိုးရာတွင်အထွက်နှုန်းလျော့နည်းနေပြီးအကုန်အကျမှာမြင့်မားနေသောကြောင့်အခက်အခဲနှင့်ရင်ဆိုင်နေရပါသည်။ပဲတီစိမ်းစိုက်ခင်းများမှာလည်းပိုးမွှားများပျက်စီးမှုကြောင့်ဓာတုဆေးဝါးများကိုတောင်သူများမှာစိုက်ပျိုးရာတွင်အထွက်နှုန်းလျော့နည်းနေပြီးအကုန်အကျမှာမြင့်မားနေသောကြောင့်အခက်အခဲနှင့်ရင်ဆိုင်နေရပါသည်။ပဲတီစိမ်းစိုက်ခင်းများမှာလည်းပိုးမွှားများပျက်စီးမှုများသောကြောင့်ဓာတုဆေးဝါးများကိုသုံးစွဲနေကြပါသည်။ဆေးများသုံးစွဲမှုမှာလည်းအခက်ခဲများရှိနေရပါသည်။ဆေးဝါးမသုံးတတ်ခြင်း၊ဆေးများဈေးမြင့်ခြင်းနှင့်လည်းရင်ဆိုင်နေရပါသည်။စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာများကိုဝန်ဆောင်မှုများပေးစေချင်ပါသည်။

ကျေးရွာတွင်ဝက်များနှင့်ကြက်များကိုလည်းမွေးမြူထားပါသည်။ကြက်မွေးခြင်း၊ဝက်မွေးခြင်းလုပ်ငန်းအနည်းငယ်မျှသာဝင်ငွေရပြီးဝက်များ၊ကြက်များမှာမကြာခနရောဂါကျရောက်နေပြီးသေချေပျက်စီးမှုတွေ့ရှိရပါသည်။မွေးမြူရေးဌာနမှနည်းပညာများကိုသင်ကြားပို့ချပေးပါကစနစ်တကျမွေးမြူရေးဝင်ငွေများရရှိလာပါကတနိုင်တပိုင်မွေးမြူရေးလုပ်ဆောင်နိုင်ကြသည်။ဝင်ငွေများကောင်းမွန်လာပြီးဆင်းရဲနွမ်းပါးမှုကိုလည်းလျော့ကျနိုင်ပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်အိမ်တွင်းကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူမရှိပါ။အခြားသောဝင်ငွေရလုပ်ငန်းများနေ့စားအလုပ်၊ဈေးရောင်း၊ခေါင်းရွက်ဖျက်ထိုး၊ကျပန်းအလုပ်နှင့်ရွှေ့ပြောင်းသွားလာအလုပ်သာရှိပါသည်။လက်လုပ်လက်စားသမားများသည်ယခင်နှစ်များကတောင်သူကြီးများအားထားနေရပြီးယခုနှစ်ပိုင်းများတွင်တောင်သူကြီးများမှာစက်ယန္တရားများအသုံးပြုလာသောကြောင့်လုပ်သားများဝင်ငွေနည်းပါးလာပါသည်။ကျေးရွာတွင်အလုပ်ကိုင်များရှိသော်လည်းလုပ်ခနည်းပါးမှုကြောင့်မြို့သို့တက်ကာပန်းရံအလုပ်၊စက်ရုံဆင်းအလုပ် ၊လုပ်နေကြသူများလည်းရှိကြပါသည်။ မြို့ပေါ်တွင်အသက်မွေးဝမ်းကြောင်း အလုပ်များစွာရှိပါသည်။ ဆံပင်အလှပြင်၊မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်ခြင်း၊ ကားမောင်းခြင်း၊ဖုန်းပြင်ခြင်းစသည့်အသက်မွေးဝမ်းကြောင်းသင်တန်းများရှိသော်လည်းရွာသူ/သား

များမှာသင်တန်းနှင့်အထိတွေ့နည်းပါးနေသည်။လုပ်ငန်းခွင်တွင်ပညာအရည်အချင်းနည်းပါးနေပြီးသင်တန်းစရိတ်နှင့်လုပ်ငန်းများလုပ်ဆောင်ရန်ငွေကြေးများမတတ်နိုင်ကြချေ။ငွေကြေးအဆင်ပြေအိမ်ထောင်စုများသာလယ်ယာသုံးပစ္စည်းများနှင့်အိမ်ဆိုင်ရောင်းချသူ(၂%)သာရှိပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် စိုက်ပျိုးရေးရေးဘဏ်မှ ချေးငွေကို တစ်နှစ်အတိုးနှုန်း ဖြင့်(၁)ကေ(၁သိန်း၅သောင်း)ကျပ်နှုန်းဖြင့်အများဆုံ;(၁၀)ကေအတွင်းသာချေးယူနိုင်ကြသည်။(၁၀)ကေအထက်ရှိသောလယ်သမားများမှာအခက်အခဲရှပါသည်။ပဲတီစိမ်း(၁)ကေလျှင်()သောင်းကျပ်ချေးသည်။လုံလောက်မှုတော့မရှိပါ။စပါးပေါ်ချိန်၊ပဲပေါ်ချိန်များတွင်ပြန်လည်ပေးသွင်းရသည်။စိုက်ပျိုးရာတွင်ကုန်ကျစရိတ်မြင့်မားမှုကြောင့် အတိုးနှုန်းကြီးမားစွာဖြင့်ငွေချေးယူခြင်း၊ ဓာတ်မြေသြဇာများနှင့်ဆေးကိုကုမ္ပဏီများမှ အကြွေးစနစ်ဖြင့် ရောင်းချပေးသော်လည်း ဈေးကြီးပေးဝယ်နေကြရသည်။ကျေးရွာသားအများစုသည် ချေးငွေများကို သူဌေးများထံမှလည်းကောင်း၊ အကြွေးရောင်းချသူများထံမှလည်းကောင်းပတ်လည်ဝယ်ခြင်းအလုပ်သမားများမှာလည်းလုပ်အားများကို အလုပ်သမားခေါင်းထံကြိုတင်ရောင်းခြင်း၊အကြောင်းအရင်းအမျိုးမျိုးဖြင့်ချေးယူမှုရှိကြောင်းတွေ့ရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာ၏အလယ်တွင် အလျား၉၀ပေ၊အနံ၃၀ပေနှင့် အမြင့်၁၂ပေရှိမူလတန်း ကျောင်းရှိသည်။သွပ်မိုးအုတ်နံရံကာနှင့်အဂတေခင်းထားသောကျောင်းတဆောင်ရှိသည်။ကျောင်း၏အတွင်း၊ကျောင်း၏အသုံးအဆောင်ပရိဘောဂပစ္စည်းများလုံလောက်စွာမရှိပါ။ကျောင်းသူ/သားများ အတွက်ကျန်းမာရေး၊ကိုယ်လက်လှုပ်ရှားအားကစားကွင်းများမရှိပါ။ ရပ်ဝေးမှ လာရောက်သင်ကြားပေးနေသောဆရာ/မများနေထိုင်ရန်အတွက် ကျောင်းဟောင်းတလုံးရှိသည်။ ကျောင်း၏ ဝန်းနံရံများကိုအုတ်မြချသံဇကာဖြင့်ပြုလုပ်ထားပါသည်။လွန်ခဲ့သော(၂၀၁၆-၂၀၁၇)ခု၊ပညာသင်နှစ်အတွက်အခမဲ့ပညာရေးစနစ်ကြောင့်ကျောင်းဝင်ကြေးမပေးရဘဲကျောင်းသုံးစာအုပ်၊စာရေးကိရိယာများကိုအစိုးရမှအခမဲ့ကူညီဆောင်ရွက်ပေးပါသည်။

ကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ဆေးပေးခန်းမရှိပါ။ ကျန်းမာရေးလုပ်သားလည်းမရှိပါ။ ကျန်းမာရေးနှင့်ပက်သက်၍ တစုံတရာဖြစ်လာပါက ၂မိုင်ခန့် ဝေးကွာသော တိုက်နယ်ဆေးရုံသို့ သွားရောက်ကုသရန် နွေရာသီတွင် ဆိုင်ကယ် များကို အားထားနေရပြီးမိုးရာသီတွင်အခက်အခဲရှိနေသောလမ်းကြောင့်ချိုင်ဖြင့်ထမ်းကာပို့ဆောင်ကုသရပါသည်။သောက်သုံးရေအတွက်သောက်ရေမလုံလောက်ပါ။သောက်သုံးရေအတွက်ဦးကျော်သူလှူထားသောစက်ရေတွင်းတတွင်းရှိပါသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားမရှိပါ။ ကျေးရွာတွင်လည်း လူငယ်များအတွက် အားကစားကွင်းလည်းမရှိပါ။ အချုပ်အားဖြင့်လူငယ်များအတွက်ပညာရေး နှင့်ယဉ်ကျေးမှုမှာကျေးရွာမူလတန်းကျောင်းနှင့်ရွာဦးဘုန်းကြီးကျောင်းသာအားကိုးရာရှိပါသည်။

**(ဓ) အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာတွင်စေတနာရှင်များ၏ရွာလယ်လမ်းမကြီးတွင်ခင်းထားသောပေမှာ(၄၀၀၀)ရှိပြီးကျန်ရှိသောမြေသားလမ်းမှာ(၄၀၀၀)ကျန်ရှိနေပါသည်။ စေတနာရှင်များခင်းထားသော ကွန်ကရစ်လမ်းသည်အကျယ်၃ပေခွဲအနက်၃လက်မခန့်ရှိသောကြောင့်လမ်းမှာအလွန်ပါးသည်။ကျိုးပေါက်ပျက်စီးမှုများပြားနေပါသည်။ ကျေးရွာမှ(၇)မိုင်ဝေးပါသည်။ သုံးခွမြို့သို့သွားလာသောအခါ ဆက်သွယ်ရေးထားရှိသော်လည်းမြေသားလမ်းရှိသောကြောင့်နွေရာသီတွင်ဆိုင်ကယ်များဖြင့်ခက်ခဲစွာသွားလာနေရပါသည်။ မိုးရာသီတွင် လိုင်းဆွဲနေသောမော်တော်(၁)စီးကိုသာ အားကိုးနေရပါသည်။ ။ကျေးရွာနှင့်ဆက်သွယ်ရန် အခက်အခဲများစွာရှိနေပါသည်။ နွေရာသီတွင်ဆိုလာမီးများကိုအသုံးပြုနေရသည်။ မိုးရာသီတွင်မီးများလုံလောက်စွာ မရရှိဘဲမီးအတွက်ဖယောင်းတိုင်မီး၊ စက်မီးများအားကိုးနေရပါသည်။ ရွာသူ/သားများအနေဖြင့် မိုဖိုင်းဖုန်းသုံးစွဲမှုများလည်းအနည်းငယ်သာ ရှိပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင်ရာဇဝတ်မှုခင်းဖြစ်ပွားမှုမရှိပါ။ တည်ငြိမ်အေးချမ်းစွာရှိကြပါသည်။ရွာသူ/သားများသည်မိုဖိုင်းဖုန်းသုံးစွဲမှုအနည်းငယ်သာရှိသော်လည်းသတင်းအချက်အလက်များ တိကျစွာမသိရှိကြသော်လည်းအေးချမ်းစွာနေထိုင်ကြပါသည်။ ကျေးရွာတွင်သဘာဝဘေးအန္တရာယ်တခါတရံရှိသော်လည်းသဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံချက်သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ လုံခြုံရေးအနေဖြင့် ကတုံးပေါ်အထက်ရဲကင်းနှင့် (၆)မိုင်ခန့်ဝေးသဖြင့်လုံခြုံရေးအလွယ်တကူချိတ်ဆက်နိုင်ပါသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကျေးရွာတွင် လူဦးရေအားလုံး၏ ၅၅%သည် အလုပ်လုပ်နိုင်သော အရွယ်များဖြစ်ကြသည်။ အလယ်တန်းနှင့် အထက်တန်းပညာရေးပြီးဆုံးသူလူဦးရေ၂၁%ခန့်သာရှိကြသည်။ အသက်မွေးဝမ်းကြောင်းသင်တန်းများလူငယ်အချို့တက်ရောက်နေမှုကြောင့်ပြန်လည်ပို့ချနိုင်သည့်အတွက်ကြောင့် လူသားအရင်းအမြစ်များပိုမိုတိုးတက်ကောင်းမွန်စေနိုင်မည်။ ကျန်းမာရေးအခြေအနေကောင်းမွန်ကြသော်လည်းကျန်းမာရေးဝန်ဆောင်မှုလက်လှမ်းမမှီပါ။ကျေးရွာသားများသည်ဆေးဝါးများကုသမှုခံယူနိုင်ရန်အတွက်(၆)မိုင်ဝေးကွာသောသုံးခွမြို့ဆေးရုံကိုသွားရောက်ကုသရပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်ယာမြေများသည်မြေပြန့်ဖြစ်ကြပြီးမြေဆီလွှာများမှာ အနည်းငယ်သာကောင်းမွန်ကြသည်။တောင်သူများမှာလယ်ယာထွက်ကုန်များဖြစ်သည့်စပါးနှင့်ပဲတီစိမ်းကိုဈေးကွက်ရှိရာ ရောင်းချရာတွင်အနည်းငယ်ခက်ခဲပါသည်။ မိုးရွာသွန်းမှုမှာစပါးစိုက်ရန် လုံလောက်သော်လည်းတခါတရံရေကြီးမှုကြောင့်ရေကြီးခြင်းဖြစ်ပေါ်ပြီးစပါးများပျက်စီးဆုံးရှုံးရပါသည်။ ကျေးရွာတွင်မွေးမြူရေးအတွက်မှာအနည်းငယ်သာကောင်းမွန်ကြသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှအပအခြားသယံဇာတများမထွက်ရှိပါ။လယ်ယာမြေကိုထပ်မံတိုးချဲ့ရန်မရှိပါ။ လယ်သမားများအတွက်အထွက်နှုန်းတိုးမြင့်အောင်စိုက်ရသော်လည်း ယင်းအတွက်လယ်ယာသုံးပစ္စည်းများမျိုးကောင်းမျိုးသန့်နှင့်စိုက်ပျိုးရေးဆိုင်ရာနည်းပညာများမရှိပါ။ တောင်သူများကလည်း ပဲတီစိမ်းစိုက်ပျိုးရာတွင်ပိုးမွှားနှင့်ရောဂါအန္တရာယ်ကျရောက်မှုရှိသည်။ဘက်ပေါင်းစုံပိုးမွှားများနှင့်ကာကွယ်နှိမ်နင်းရေးနည်းပညာပံ့ပိုးကူညီမှုအားနည်းသည်။ကျေးရွာတွင်နီးစပ်ရာများမှငွေတိုးချေးသူများရှိသော်လည်းအတိုးမှာမြင့်မားနေသည့်အတွက်ဘဏ်များမှကျေးရွာအရောက်ဝန်ဆောင်မှုပေးသောစနစ်မရှိဘဲချေးငွေလိုအပ်သောအိမ်ထောင်စုများမှာရရာထံမှအတိုးနှုန်းကြီးမြင့်စွာဖြင့်ရှာဖွေသုံးစွဲရသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့်ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်း လာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွါးရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာ သင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများကတဖန် ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့် မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများ အတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

ခ.၃) ကျေးရွာတွင် စာသင်ကျောင်း၏ခြံစည်းရိုးကာရံပြီး KGကျောင်းတစ်ဆောင် ဆောက်လုပ်ခြင်း၊ယင်လုံအိမ်သာတစ်လုံးနှင့်ဖြင့် ကလေးငယ်များ၏အရည်အချင်းတိုးမြင့်လာရေးအတွက် ဆောင်ရွက်မည်။ ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး အထက်တန်းကျောင်းခွဲတွင် ဘာသာရပ်အလိုက် ကျွမ်းကျင်မှု ပြည့်ဝသော ဆရာ/မ ခန့်ထားရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့်ကျေးရွာသောက်သုံးရေကန်များတိုးတက်ကောင်းမွန်လာစေရေးအတွက်ဆောင်ရွက်သွားမည်။ကျေးရွာအဆောက်အဦးများကို ကာလရှည်သုံးစွဲနိုင်ရေးအတွက် စီမံခန့်ခွဲမှု၊ ထိန်းသိမ်းစောင့်ရှောက်မှုများကိုလည်း အဖွဲ့အစည်းဖွဲ့၍ ဆောင်ရွက်သွားကြမည်။ ကျေးရွာ၏ လူမှုအဖွဲ့အစည်းများကိုလည်းကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန်ခေါင်းဆောင်မှု စွမ်းရည်များပိုမိုတိုးတက်မှုရရှိအောင်ကြိုးစား၍တိုက်တွန်းအားပေးပါမည်။

**၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ**

နိုင်ငံတော်အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေး

အဖွဲ့တို့၏ အကြံပြု ချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင် ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့ အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံး အတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ် များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန် စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစား ပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန် ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊**

ကျေးရွာတွင် စပါးအပြင် ပဲတီစိမ်းကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုး ထိရောက်စွာ နှိမ်နင်းရေး အတွက် နည်းစနစ်ရရှိရေး လိုအပ်သည်။ ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများမရရှိပါ။ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိက အရောင်း ဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်း ရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှု စိတ်ဖိစီးမှု ဖြစ်စေသည်။ နည်းပညာ အသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နင်းရေးနည်းပညာ အသစ်ရရှိရေးအတွက် စိုက်ပျိုးရေး ဦးစီး ဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ကျေးရွာတွင်သမဝါယမအသင်းဖွဲ့စည်းထားခြင်းမရှိသေးသဖြင့်မြို့နယ်သမဝါယမအသင်းက ချေးငွေလိုအပ်သူရွာသားများအတွက်ချေးငွေအစီအစဉ်ကိုဆောင်ရွက်သင့်ပါသည်။

**(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုး ကွဲပြားနေသော လုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်း) အတွက် လုပ်ငန်းစီမံ

ခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးအထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှ သည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

**(င) ကျေးလက်ဈေးဆောက်လုပ်ရေး**

ကျေးရွာတွင်ဆိုင်ခန်းများမရှိပါ။ ယာယီဈေးဆိုင်(၃)ဆိုင်ခန့်သာရှိသည်။ ကျေးရွာတွင် လူကြီး ခရီးစဉ်ကြုံကြိုက်စဉ်တို့တွင်ရွှေ့ဆိုင်းရတတ်သည်။ဈေးဆိုင်များမရှိပါ။မြို့နယ်အာဏာပိုင်အဖွဲ့အစည်း များကရေသန့်ရှင်းရေးနှင့်လမ်းတို့စနစ်တကျပါဝင်သည်။ဈေးအဆောက်အဦးတစ်ခုတည်ဆောက်ပေး ရန်သင့်ပါသည်။ မိချောင်းကန်ကျေးရွာအတွင်းရွာသူ/သားများလည်းအကျိုးခံစားမှုရရှိနိုင်ပါသည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုး ရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲ ထားနိုင်ကြ သော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်း များကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများ ဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ် လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက် သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification) ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classifi - cation) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ်

လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၄

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

| ကဏ္ဍ / အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အုပ်ချုပ်ရေး ကဏ္ဍ* | | | | | |
| ***အုပ်ချုပ်ရေးကဏ္ဍ တိုးတက်မှု*** | ၁။ အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင်ပေးရေး။ | ၆၀ | ၈ | • ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း<br>• အလုပ်အမှုဆောင် ကော်မတီများ ဖွဲ့စည်းခြင်း<br>• ခေါင်းဆောင်မှု နှင့် ငွေကြေး စီမံခန့်ခွဲမှု သင်တန်းများ စီစဉ် ခြင်း<br>• အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးသင်တန်းများ စီစဉ်ခြင်း | • ကျေးလက်/ ဦးစီး |
| *စိုက်ပျိုးရေး ကဏ္ဍ* | | | | | |
| **အခြေခံ အဆောက် အဦး နှင့် နည်းပညာ သင်တန်း** | ၂။ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများ တိုးတက်ရေး | ၉၅ | ၂ | • စိုက်ပျိုးရေး သွင်းအားစုများ ဆက်သွယ်မှု ရရှိရန်<br>• ဈေးကွက် နှင့် သတင်းချိတ် ဆက်လုပ်ဆောင်မှု ပြုလုပ်ခြင်း<br>• မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေး နည်းပညာ သင်တန်း<br>• စပါးအထွက်တိုးနည်းပညာ သင်တန်း (ပိုးမွှား နှင့် ရောဂါ)<br>• ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်ဖိုး မြှင့် ထုတ်ကုန် ဈေးကွက်သို့ တက်လှမ်းခြင်း။<br>• ရိတ်သိမ်းခြွေလှေ့စက်များ ငှားရမ်း နိုင်ရန် ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း | • |
| *မွေးမြူရေး* | | | | | |
| **ဈေးကွက်နှင့် နည်း ပညာ သင်တန်း** | ၃။မွေးမြူရေးလုပ်ငန်းဆိုင်ရာ တိုးတက်ရေး | ၈၀ | ၅ | • တနိုင်တပိုင်မွေးမြူနိုင်ရန်အတွက်နည်းပညာနှင့်ငွေကြေးအကူအညီရရှိရေး | • |

| | | | | | |
|---|---|---|---|---|---|
| *စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်းများ* | | | | | |
| **အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာရေး** | ၄။ အလုပ်အကိုင် အခွင့်အလမ်း များပြား လာစေရေး | ၇၅ | ၆ | • အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်နိုင်ရန်စက်ရုံအလုပ်ရုံများတည်ဆောက်ပေးခြင်း<br>• အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဖန်တီးပေးနိုင်ရန်အတွက်သက်ဆိုင်ရာ ဌာနများသို့ချိတ်ဆက်ပေးခြင်း | • ကျေးလက်/ဦးစီး |
| *ဘဏ် နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း* | | | | | |
| **ချေးငွေ လက်လှမ်းမီရေး** | ၅။ သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး။ | ၈၆ | ၄ | • ချေးငွေဝန်ဆောင်မှုအဖွဲ့များနှင့်ချိတ်ဆက်ခြင်း<br>• အတိုးနှုန်းသက်သာပြီး ကာလရှည် ထုတ်ချေး ပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ပေးခြင်း<br>• ချေးငွေအတွက် လိုအပ်သော အထောက်အထားများ ပြင်ဆင်ခြင်း | • |
| *ပညာရေး* | | | | | |
| **ကလေး ပညာရေး ဖွံ့ဖြိုးရေး** | ၆။ ကျေးရွာ၏ပညာ တတ်မြောက်မှု တိုးတက် ရေး | ၇၀ | ၇ | • KGကျောင်းနှင့် ကလေးအားကစားကွင်း တည် ဆောက်ခြင်း။<br>• ဂါလံ (၂၀၀၀) ဆန့် မိုးရေလှောင်ကန် တည်ဆောက်ခြင်းနှင့် ရေသန့်စက်များ တပ်ဆင်ပေးခြင်း။<br>• ယင်လုံအိမ်သာနှင့်ကျောင်းခြံစည်းရိုးကာရံခြင်း<br>• ကျောင်းသုံးပရိဘောဂဝယ်ယူခြင်း | • |

*ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး*

| | | | | | |
|---|---|---|---|---|---|
